# ပဏ္ဍိတာရာမ (ဆစ်ဒနီ) သာသနာ့ရိပ်သာ

**Panditarama Sydney Meditation Centre Inc.**

Incorporation No. INC 9875078
70 Market Street, Smithfield NSW 2164, Australia. Phone : +61-2-9729-2343

## လစဉ်စျေးရောင်းပွဲဖိတ်ကြားလွှာ

**ဝါဆိုသင်္ကန်း ကပ်လှူကြရအောင်**

(၁၀) **ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းပွဲ ဖိတ်ကြားလွှာ**

ပဏ္ဍိတာရာမ(ဆစ်ဒနီ)သာသနာ့ရိပ်သာ (၁၀)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းပွဲကို (**၁၅-၀၈-၂၀၁၀**) တနင်္ဂနွေနေ့ Villawood Senior Citizen Hall တွင် ကျင်းပမည်ဖြစ်ပါ၍ ဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းလိုသူများ ကြိုတင်၍၎င်း၊ အထက်ပါနေ့ရက်တွင်၎င်း စာရင်းပေးသွင်း လှူဒါန်းနိုင်ပြီး ကြွရောက်ကြည်ညိုကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကုသိုလ်ပါဝင်လှူဒါန်းလိုသူများသည်----

သင်္ကန်းဒွိစုံ တစ်စုံလျှင် ဒေါ်လာ (၃၀)နှုန်း

ဆွမ်းအလှူ ကိုယ်တိုင်ကိုယ်ကျ စိတ်တိုင်းကျ ချက်ပြုတ်၍ မိမိတို့ကြိုက်နှစ်သက်ရာ ဆွမ်းဟင်းများ ပါဝင် လှူဒါန်းနိုင်ပါသည်။

**ဆက်သွယ်လှူဒါန်းရန်**----

ပဏ္ဍိတာရာမ(ဆစ်ဒနီ)သာသနာ့ရိပ်သာ ၉၇၂၉ ၂၃၄၃။ ဦးသန်းထွေး ၉၆၄၉ ၄၃၃၂၊ ၀၄၀၂ ၉၀၄ ၀၃၀။
မဥမ္မာစိုး ၈၈၁၀ ၀၀၆၆၊ ၀၄၁၇ ၄၀၃ ၅၃၀။ ဦးရဲဝင်း ၉၆၇၆ ၅၁၆၆၊ ၀၄၂၅ ၃၆၁ ၉၉၉
ဒေါ်ပြုံး ၉၆၈၇ ၈၈၂၅၊ ၀၄၂၃ ၆၃၈ ၅၈၅။ ကိုမျိုးမြင့် ၈၈၁၂ ၇၂၆၆၊ ၀၄၂၄ ၂၉၀ ၀၆၀။

**အခမ်းအနားအစီအစဉ်**

(၁) နံနက် (၁၁)နာရီအချိန်တွင် ဆရာတော် သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်ပြီး ကြွရောက်လာကြသော ဧည့်ပရိသတ်များအား နံနက်စာဖြင့် ကျွေးမွေးဧည့်ခံပါမည်။

(၂) နေ့လယ် (၁၂း၃၀) အချိန်တွင် ဆရာတော် သံဃာတော်များထံမှ သီလခံယူပြီး ပရိတ်တရား နာယူပါမည်။

(၃) အနုမောဒနာတရား နာယူ၍ မိမိတို့၏ ကုသိုလ်ကောင်းမှု အစုစုကို ရေစက်သွန်းချ အမျှပေးဝေပါမည်။

(၄) ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပါမည်။

(၅) ဆရာတော် သံဃာတော်များကို ဆွမ်းဆန်စိမ်း လောင်းလှူပါမည်။ (၁၃)ပါးခန့်

**ဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းပွဲ ကျင်းပမည့် နေ့ရက် အချိန်နှင့် နေရာ**----

နေ့ရက်------ ၁၃၇၂-ခုနှစ်၊ ဝါခေါင်လဆန်း ၅-ရက် (**၁၅-၀၈-၂၀၁၀**) တနင်္ဂနွေနေ့
အချိန်------- နံနက်(၁၀)နာရီမှ နေ့လည် (၂)နာရီထိ
နေရာ------- Villawood Senior Citizen Hall
Villawood Road, Villawood NSW 2163
NEAR ALDI SUPER MARKET

**ဈေးရောင်းပွဲ နေရာသစ်သို့ ပြောင်းရွှေ့ရခြင်း**

အခြေအနေ အကြောင်းအရပ်ရပ်ကြောင့် လစဉ်ဈေးရောင်းပွဲကို နေရာသစ်ဖြစ်သော Villawood Senior Citizen Hall Villawood Road, Villawood NSW 2163 သို့ July လမှ စ,တင်၍ ပြောင်းရွှေ့သွားရပါသည်။ သွားရေး လာရေး အခက်အခဲ အစဉ်မပြေမှုများ ရှိခဲ့သော် နားလည်စွာနဲ့ ခွင့်လွှတ်ကြပါရန် အနူးအညွတ် တောင်းပန်အပ်ပါသည်။ တကူးတကန့် သာသနာရေးအတွက် လာရောက် အားပေးကြသော ဓမ္မမိတ်ဆွေများ အားလုံးကို ပဏ္ဍိတာရာမ ဓမ္မမိသားစုများက အထူးကျေးဇူးတင်ရှိပါသည်။ လ,စဉ် ပုံမှန် လာရောက်အားပေးကြသူများ၊ မအားမလပ်၍ တခါတရံမှသာ လာရောက် အားပေးကြသော မိတ်ဆွေများ၊ မိုးတွင်းမှာမှ တစ်နှစ်တစ်ခါ ထွက်လာကြသော စားဖားကြီးများလို တစ်နှစ်မှတစ်ခါသာ--

တွေ့ကြုံရသော မိတ်ဆွေများအားလုံးကို သာသနာ အရှည်တည်တံ့ရေးအတွက် လာရောက် အားပေးထောက်ပံ့မှုကို အမြဲ လေးစားလျက်ပါ။

ဗုဒ္ဓသာသနာ ရေရှည်တည်တံ့ တိုးတက်ပြန့်ပွားရေးကို အာရုံပြု၍ အထောက်အပံ့ပြုကြပါရန် လေးစားစွာ နှိုးဆော်လိုက်ရပါသည်။

**ကုသိုလ်လုပ်အားဒါနများ အထူးလိုအပ်နေပါသည်။**

လ,စဉ် ဈေးရောင်းပွဲတွင် အမြတ်အစွန်း ပဓာနမထားဘဲ ပျော်ပျော်ရွှင်ရွှင် ကိုယ်အားဖြင့် လုပ်အားဒါနပြု၍ ၎င်း ပျော်ပျော်ပါးပါး ကိုယ်တိုင်ချက်ပြုတ်၍၎င်း လှူဒါန်းလိုကြသူများကို ပဏ္ဍိတာရာမ ဓမ္မမိသားစုများက အစဉ်ကြိုဆို လျက် ဖိတ်ခေါ်လျက်ရှိပါသည်။ ပင်ကိုယ်က အချက်အပြုတ် ကျွမ်းကျင်သူတွေ ရှိကြသလို အချက်အပြုတ် မကျွမ်းကျင် သော်လည်း တူညီသောသဒ္ဓါ တူညီသောဆန္ဒ ရှိလျှင် ပဏ္ဍိတာရာမ ဓမ္မမိသားစုများက ဝိုင်းဝန်းကူညီပြီး လုပ်ကိုင်ပေး ကြမည်ဖြစ်ပါ၍ လှူဒါန်းမှု ဒါနများကို လက်မတွန့် နှုတ်မစွန့်ဘဲ ရဲရဲရင့်ရင့် ပြုလုပ်နိုင်ပါကြောင်း ဖိတ်ခေါ်လိုက်ရပါသည်။

ဈေးရောင်းပွဲ
နေ့ရက်–၀၁–၀၈–၂၀၁၀ တနင်္ဂနွေနေ့
အချိန်– နံနက်(၁၀)နာရီမှ နေ့လည် (၂)နာရီထိ
နေရာ– Villawood Senior Citizen Hall
Villawood Road, Villawood NSW 2163
NEAR ALDI SUPER MARKET

**ယခုလ စားဖွယ်ရာများကတော့**– – – – – – – –

(၁) **မုန့်ဟင်းခါး**

ရန်ကုန်၊ ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာမှာ အိုးသူကြီးလုပ်ရတာ ငြီးငွေ့တာကတကြောင်း၊ အိမ်ရှင်မရဲ့ စကားသံ မနာခံချင်တာကတကြောင်း စတဲ့ အကြောင်းကြောင်းတွေကြောင့် တော်ရာဝေးရာ ဆစ်ဒနီကိုလာပြီး ကပ္ပိယလေးလုပ် တရားဘာဝနာလေး ပွားရမလားမှတ်ပြီး လာပါတယ် ဒီရောက်တော့လည်း ဈေးရောင်းပွဲမှာ ဟိုဟာ လေးလုပ်ပေးပါအုံး ဒီဟာလေးချက်ပေးပါအုံးနဲ့ နားပူနာဆာ လာကပ်တော့လည်း လုပ်မပေးလို့က မကောင်းဘူးလေ။ ကိုရီးယား ရုပ်ရှင်ကားလေးကြည့်ပြီး စောင်ကလေးထဲကွေးပြီး နှပ်မလို့ စိတ်ကူးထားတာတွေ ဘေးချထားပြီး မုန့်ဟင်းခါး ထ,ချက်လိုက်ရအုံးတော့မယ်။ အများက လက်ရာကြိုက်တော့လည်း မညင်းသာဘူးလေ။ လက်ရာချင်းမပြိုင် တပိုင်တနိုင် ကိုယ့်စတိုင်နဲ့ကိုချက်မယ့်....

ကျွန်တော်ကပ္ပိယ(ဦး)ထွန်းမြိုင်

(၂) **ဖါပလာတာ၊ လဘက်ရည်၊ တော်ဝင်ပဏ္ဍုမြားမုန့်ဟင်းခါးအထုပ်**

ယောကျ်ားက လဘက်ရည်ရောင်း၊ မိန်းမက ပဲပလာတာလေးလုပ်ရောင်း၊ ဘာလိုသေးသလဲလို့ စဉ်းစား လိုက်တော့၊ အော် အရေးကြီးတာတစ်ခု ကျန်သေးတာပဲလို့ အမြင်ပေါက်တယ်လေ ချဲဒိုင်လေးများခံလိုက်ရ ကောင်းမလား လို့ ဒါမှလဲ ပြည့်စုံသွားမှာကိုး။ ကဲ ပရိသတ်ရေ– ပြောနေကြာတယ် လုပ်လိုက်ကြစို့လား ချဲဘုရင်မကြီးလို့ အခေါ်ခံရ– နည်း,မှတ်လို့....

ဦးခင်မောင်ဝင်း+ဒေါ်ရှုဘီ

(၃) **မလေးရှားခေါက်ဆွဲကြော်**

ဘောလုံးသမားနဲ့ ခေါက်ဆွဲက ဒွန်တွဲနေသကိုး မြန်မာပြည်မှာလေ။ ကမ္ဘာ့ဖလားပွဲ ရာသီလေးဆိုတော့ ခေါက်ဆွဲကို သတိရတာနဲ့ ထ,လုပ်ရတာပဲလေ။ အိမ်ရှင်မကို ခေါက်ဆွဲကြော်လေးတစ်ဘူး လပ်ထိုးပြီး ဂေါက်ရိုက် အသွားပြ အပြင်ထွက်ရအောင် ကြံရဖန်ရတာပေါ့။

ဦးစိန်ဝင်း+ဒေါ်စန်းစန်းဦး

(၄) **နန်းကြီးသုပ်**

ချဉ်ချဉ်ငံငံစပ်စပ် ကြိုက်ပါသလား၊ ရစေရမယ်။ ချိုစိမ့်စိမ့် စားလိုပါသလား။ ဖြည့်စွမ်းပေးပါရစေ။ ပရိသတ် အလိုကျ– ကျမက ဆောင်ရွက်ပေးချင်တာ စွေ့စွေ့ကို ခုံနေတာပဲ...

သီတာနွယ် (Halle Baily) လို့ ခေါ်ရင်လဲ စိတ်မဆိုးပါဘူး)

(၅) **ကြက်သားဆံပြုတ်နှင့် အီကြာကွေး၊ ရမ်ခြာကြက်ခြေထောက်၊ ဆေးဘဲခုံ**

မလေးရှားသူလေးရဲ့ မလေးရှား အစာတစ်မျိုးပါ။ ကြက်ခြေထောက်ဆိုလို့ မြန်မာလူမျိုးတွေက အထင်များ သေးလေမလားလို့ သူက စိုးရိမ်တယ်လေ။ မပူပါနဲ့လို့ ဒို့မြန်မာကြက်တွေက တွေ့ကရာ အကုန်နင်းပြီး၊ တွေ့ကရာ အပုံ တွေထဲမှာ အစာရှာ စားကြတာဆိုတော့– ဒို့မြန်မာကြက်တွေရဲ့ ခြေထောက်က အရသာထူးခြားတာကိုသာ မှီအောင် ချက် ပေးလို့ ကြက်ခြေထောက်ရိုးများ ကိုက်ရတာကို ဒို့ မြန်မာတွေက ခုံမင်တတ်ကြပါတယ်လို့– နှစ်သိမ့်လိုက်ရပါတယ်။ အား ပေးကြပါလို့။ Shuh Yong

(၆) **ပဲကြီးနှပ်၊ ခရမ်းချဉ်သီးငပိချက်၊ ကြက်ဟင်းခါးသီးနှပ်၊ ပြည်လုံးချမ်းသာဟင်း**

အစားလေးတစ်လုပ်အတွက် ဈေးထွက်ဝယ်ရ ခုတ်ရထစ်ရ ချက်ရပြုတ်ရ အဖိုးတန်တဲ့အချိန်တွေ ကုန်မှာ စိုးတဲ့သူတွေ၊ အသားဟင်းတွေချည်း စားရတာကို ငြီးငွေ့ကြတဲ့သူတွေအတွက် စီစဉ်ပေးလိုက်ရပါတယ်တဲ့။ မြန်မာ တစ်ပြည်လုံး ချမ်းသာပါစေကြောင်း နမိတ်ကောင်းယူရအောင် ''ပြည်လုံးချမ်းသာ''ဟင်းလျာကိုတော့ အထူး စပါယ်ရှယ် ပေ့ါ။ သူ့စတိုင်နဲ့ သူပေ့ါ။ မတင်မာချို

မှတ်ချက်။ ။ ရန်ကုန်မြို့ ဗဟိုတရားရုံးအနီး ဘားလမ်းတွင်ရှိသော ''အောင်ပင်လယ်'' စားသောက် ဆိုင်၏ အထူးစပါယ်ရှယ် ''ပြည်လုံးချမ်းသာ''အကြော်ပွဲမှာ ၁၉၈၀–ခုနှစ်လောက်က နာမည်ကြီးခဲ့ပါသည်။ ဘီယာ အရက် ယမကာနှင့် မြည်းလို့လိုက်ဖက်သော အစာတစ်မျိုးဖြစ်ပါသည်။ ကြက်အသဲအမြစ်၊ ကြက်သားတောင်ပံကြော်၊ ဝက်သား ကြော်၊ ဝက်အူချောင်းကြော်၊ ပဲပြားကြော်များ စုပေါင်းထည့်ထားသော အကြော်ပွဲ တစ်မျိုးဖြစ်ပါသည်။)

(၇) **ကြက်ဥပူတင်း၊ ရွှေချီဆန္ဒင်းမကင်း**

အိမ်ရှင်မ ကြက်ဥပူတင်း လုပ်ပြီဆိုတာနဲ့ ကျွန်တော် ခေါင်းကျိန်းရပါတယ်။ ခေါင်းမှ ရှိသေးရဲ့လားလို့ ခေါင်း ကို မသိမသာ စမ်းကြည့်ရပါတယ်။ ကြက်ဥပူတင်း ကြိုက်လို့ပဲ ကျွန်တော်ကိုမှ ရွေးယူမိခဲ့တာလားလို့လဲ စိတ်ထဲ တွေး ကြည့်မိပါတယ်။ ကျွန်တော်ခေါင်းကလဲ ကြက်ဥနဲ့မှ တူကိုတူလွန်းပါတယ်လေ။ ဝယ်ယူစားသုံးသူတွေ ကောင်းကောင်း စားရအောင် စမ်းသပ်လုပ်ကြည့်ရတာလဲ အမောပါပဲ၊ သူ့စေတနာကိုလည်း အားကျမိပါတယ်။ သူလုပ်တော့လည်း ကျွန်တော်စားရတာပေ့ါ ကျွန်တော် လက်မ,ထောင်ပြတော့ သူပျော်တယ်လေ။ မြည်းကြည့်ရဖန်များတော့ တခါတလေ မမြည်းရသေးဘူး လက်မ,က အလိုလိုထောင်မိရဲ့သား ဖြစ်သွားရပါတယ်။ ဦးသိန်းသန်းထွန်း+ဒေါ်သန္တာတင့်

(၈) **ကော်ပြန့်စိမ်း**

အိမ်ကကိုယ်တော်က ဗမာ့တပ်မတော်ကလေ တပ်ကလေ့ကျင့်ပေးထားတဲ့ စည်းကမ်းက ကျမနဲ့ရတဲ့အထိ မပျောက်သေးဘူး မနက် အိပ်ယာက ထ,ပြီဆိုရင် အိပ်ထားတဲ့ အိပ်ယာကို ကျစ်ကျစ်ပါအောင်လိပ်ပြီး ကုဋင်ခေါင်းရင်းမှာ သပ်သပ်ယပ်ယပ်ထားတဲ့တပ်က အကျင့်ဟောင်းက မပျောက်သေးဘူး။ ဒါနဲ့ ကျမလည်း ပညာပေးတဲ့အနေနဲ့ လိပ်ချင် အုန်းဟဆိုပြီ ကော်ပြန့်စိမ်းပဲ နေ့စဉ်ရက်ဆက် လိပ်ပြီးကျွေးတာ။ ကြာတော့ ''အလိပ်''ကို မမြင်ချင်တော့ဘူး ထင်ပ့ါ။ အိပ်ယာလိပ်တဲ့အကျင့် ပျောက်သွားတော့တာပါပဲ။ မချစ်လို့တော့မဟုတ်ပါဘူး လူ့လောကနဲ့အံမဝင်တဲ့ အကျင့်ကလေး တွေကို ပျောက်စေလိုတဲ့သဘောပါ နောက်အကျင့်တစ်ခုရှိသေးတယ် ကျမအသံမာမာနဲ့ သူ့ကိုခေါ်လိုက်ရင် လက်နှစ်ဖက် ခန္ဓာကိုယ်ကိုကပ်၊ ခြေထောက်(၂)ချောင်းပူး ရင်ကလေးကော့ ဖင်ကလေးကောက် အထက်အရာရှိကို အရိုအသေပေးတဲ့ ခေါက်ရိုးကျိုးနေတဲ့ တပ်ကအကျင့်လေးကြောင့် သူ့ပုံစံက ကော်ပြန့်လိပ်ကလေး ထောင်ထားသလိုလေ လုံးလုံးကစ်ကစ် ချစ်စရာလေးပါ ကျမကလည်း သဘော ခပ်ကျကျဆိုတော့ ပုံစံမပေးတော့ပါဘူး အဲဒါလေးတွေ အမှတ်တရ ဒီအပတ်တော့ ကော်ပြန့်စိမ်းလေး ပရိသတ်ကို လုပ်ကျွေးလိုက်ရပါတယ်။ ဦးမောင်မောင်စိုး+ဒေါ်အုံးကြည်

(၉) **အာလူးပူတီ**

အော်– မိတ်ဆွေအပေါင်းကို လူမျိုးပေါင်းစုံရဲ့ အစားအစာလေးတွေကို မငြီးငွေ့ရအောင် တလ တစ်မျိုးပြောင်း ပြီး ချက်ကျွေးရတာ ဝမ်းသာရပါတယ်။ မလုပ်တာလည်း ကြာပြီမို့ ဒီလတော့ သူ့အလှည့်ကို ပေးလိုက်ရပါတယ်။ အာသီသ လေးတွေ ပြည့်ဝပါစေလို့ ဆန္ဒပြုရပါတယ်။ လောကဇာတ်ခုံမှာ လူတွေဟာ ကြုံရာအခန်းက က,ကြရပါတယ်။ အခုလည်း ဟိုလ ဗမာဖြစ်လိုက်၊ ဒီလ တရုပ်ဖြစ်လိုက်၊ နောက်တလ ကုလားဖြစ်လိုက်နဲ့ အသွင်အမျိုးမျိုး ပြောင်းပြီး ပရိသတ်ကို ဖျော် ဖြေရတယ်လေ။ ဒီအပတ်တော့ ကုလားဇာတ် ခင်းရပေအုံးတော့မယ်။

ဦးရဲဝင်း+ဒေါ်ဝင်နီ၊ ကိုကြင်ဟန်+မေသန်းတိုး၊ စန်းစန်းမိုး

(၁၀) **အသုပ်စုံ**

ဘယ်သူ့လက်ရာလဲဆိုတာ သိချင်ရင်တော့ အကဲခတ်ကြစမ်းပါ နာမည်တူတွေများလို့ ကိုယ်စီကိုယ်စီမှာ ရှိကြတဲ့ ဝိသေသလေးတွေနဲ့ တွဲပြီးခေါ်မှ ဘယ်သူဘယ်ဝါဆိုတာ ခွဲခြားလို့ရတယ်လေ။ နာမည်မှာ ''ပြုံး''ပါတဲ့သူတွေ ဆစ်ဒနီမှာ အတော်များပါတယ်။ အဆိုတော် ရုပ်ရှင်မင်းသမီး အကယ်ဒမီ ချိုပြုံးဆိုရင် သီချင်းဆိုဖို့ လောစပီကာ လိုပါတယ်။ သူကတော့ မွေးရာပါ လောစပီကာ ပါတယ်လေ။ ဒါကြောင့်လဲ လောစပီကာ ''ပြုံး''လို့ နာမည် တွင်နေရပါတယ်။ ''သူ မတို့လေနဲ့ သူ တို့လျှင် တကယ်မည်တဲ့ ဒို့ပဏ္ဍိတာရာမက ကြေးစည်ကြီးပါကွဲ့ တီးသမျှ ညောင်ညောင်မည်''ဆိုတဲ့ အချက်အပြုတ် ဝါသနာကြီးသူ တစ်ဦးပါပဲ။

(၁၁) **မုန့်ဖက်ထုပ်**

ဂန့်ဂေါ်တောမျိုးအောင် သီချင်းမဆိုတော့ဘဲ မုန့်ဖက်ထုပ် ရောင်းနေတယ်လို့တော့ မထင်လိုက်လေနဲ့၊ သာသနာ အရှည်တည်တံ့ ခိုင်မြဲရေးအတွက် တတ်ထားတဲ့ပညာလေးနဲ့ အလှူဒါန ပြုနေတဲ့ မျိုးအောင်ဆိုရင် မှားမည် မထင်။ အလှူဒါနပြုရအောင် စွမ်းဆောင်လိုက်ရတာပါ။

ကိုမျိုးအောင်+မသန်းသန်းလွင်

(၁၂) **ကြက်သားကုန်းဘောင်ကြီးကြော်**

မြန်မာလူမျိုးတို့၏ နောက်ဆုံးမင်းဆက်ဖြစ်တဲ့ 'ကုန်းဘောင်'နဲ့တော့ ဆက်စပ်ကြည့်လို့ မရပါဘူး။ အစားအသောက်ဖြစ်လို့ အစားအသောက် နာမည်တူတစ်ခုက ဆင့်ပွားရလာတဲ့ နာမည်ဖြစ်ဖို့ များပါတယ်။ အိန္ဒိယအစားအစာ တစ်မျိုးဖြစ်တဲ့ ''ကြက်သားကီးဗား''ကတော့ မဆလာနိုင်းချင်းပါတယ်။ ကြက်သားနဲ့ ရေပ်,မဆလာ ရောလိုက်တဲ့ ဟင်းတစ်မျိုးဖြစ်လို့ ကြက်သားကီးဗားနဲ့ ဆင်တူနာမည်၊ ကြက်သားကုန်းဘောင်လို့ နာမည်တွင်သွားတယ် ထင်ပါတယ်။ မြန်မာမှုပြုလိုက်တာလေ။ ဝ,လည်းကြိုက်တယ်လေ၊ လူ့လည်းကြိုက်မှာပါ။ ကိုဒွန်+မကြည်ကြည်ဝင်း

(၁၃) **ပူနွေးချဉ်၊ ဝက်သားဒုတ်ထိုး**

ဆိုင်ရှေ့မှာ ဆောင့်ကြောင့်လေးထိုင်၊ ညာလက်က အချဉ်အိုးထဲ ဝက်သားဒုတ်ထိုးကိုနှစ် ပါးစပ်ထဲသွင်း တမြုံ့မြုံ့ အရသာလေးခံစား၊ ဘယ်လက်က စားပြီးသား ဒုတ်ကလေးကိုကိုင် ဒီလိုနဲ့ အာသာပြေသည့်တဲ့အထိ စားပြီး ငွေရှင်းထ,ပြန်။ အော် လုပ်ချင်တာလေးတွေပါ။ အခုလည်း ဘယ်သူမှ မမြင်အောင် ဂျောင်တဂျောင်မှာ သွားထိုင်ပြီး လုပ်လိုက်အုံးမှ ဆိုရင်တော့ ဝါသနာတူ အဖော်လေးတွေရှာပြီး လာခဲ့ကြလေ။ စောင့်နေမယ်နော်

ကိုသိန်းစိုး+မသန်းသန်းအေး

(၁၄) **ချဉ်ပေါင်ကြော်၊ ငါးဗုတ်ခြောက်ကြော်**

ကျမကတော့ ဒါပဲ စပါယ်ရှယ် လုပ်တတ်ပါတယ်။ ကိုယ်တတ်တာလေးနဲ့ပဲ ဒါနပြုလိုက်ရပါတယ် အားပေးကြပါလို့-----ဝါဝါစိုး

*အားလုံးချမ်းမြေ့ကြပါစေ*

*ပဏ္ဍိတာရာမ(ဆစ်ဒနီ)ဓမ္မမိသားစုများ*

တရားဓမ္မ ဗဟုသုတ

## ပုဗ္ဗေနိဝါသဉာဏ် (ရှေးဘဝဟောင်းများစွာကို ပြန်ပြောင်းသိသောဉာဏ်)

(ပိဋကတ်သုံးပုံ မြန်မာပြန် သုတ္တန်အပိုင်း သုတ်မဟာဝါအခန်းမှ ကိုးကားပါသည်)

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ အရံဖြစ်သော ဇေတဝန်ကျောင်းတိုက်ရှိ ရေခံတကက်ပင်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုစဉ် ဆွမ်းခံရာမှပြီး၍ ဆွမ်းစားပြီးနောက် များစွာသောရဟန်းတို့သည် ရေခံတကက်ပင်ကျောင်း တန်ဆောင်းဝန်းအတွင်း၌ ''ပုဗ္ဗေနိဝါသဉာဏ်သည် ဤသို့သဘောရှိ၏''ဟု ပုဗ္ဗေနိဝါသဉာဏ်နှင့်စပ်သော တရားစကားကို ပြောဆိုဆွေးနွေးနေကြပါသည်။ ရဟန်းတို့ ထိုသို့ပြောဆိုနေသည်ကို မြတ်စွာဘုရားသည် အထူးသဖြင့် စင်ကြယ်သော၊ လူတို့၏ နားထက်သာလွန်သော၊ နတ်တို့၏ နားနှင့်တူသော (ဒိဗ္ဗသောတ)ဉာဏ်ဖြင့် ကြားသိတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့စုဝေး တရားစကား ပြောကြားနေရာအရပ်သို့ သွားပြီးသော် ခင်းထားသောနေရာ၌ ထိုင်လျက် ''ရဟန်းတို့ သင်တို့သည် ယခုအခါ အဘယ်စကားဖြင့် စုဝေးနေထိုင်ကြကုန်သနည်း သင်တို့၏

မပြီးသေးသော အကြားစကားသည်ကား အဘယ်နည်း”ဟု မိန့်တော်မူရာ– ရဟန်းအများက ‘‘အသျှင်ဘုရား ကျွန်ုပ်တို့ အကြား ပုဗ္ဗေနိဝါသဉာဏ်နှင့် စပ်လျဉ်းသော တရားစကားသည် ဖြစ်ပေါ်ပါ၏။ ဤကား အကျွန်ုပ်တို့၏ မပြီးသေးသော အကြားစကား ဖြစ်ပါသည်”ဟု လျှောက်ကြကုန်၏။

ဘုရားရှင်က ရဟန်းတို့ သင်တို့သည် ပုဗ္ဗေနိဝါသဉာဏ်နှင့်စပ်သော တရားစကားကို နာလိုကုန်သလော”ဟု မိန့်တော်မူပြီး ရဟန်းအများက နာလိုပါကြောင်း တရားစကားပြောရန် အချိန်ကြပြီဖြစ်ပါကြောင်း လျှောက်ထားသော် ဘုရားရှင်က အောက်ပါအတိုင်း ဟောကြားပါသည်။

ရဟန်းတို့ ဤကမ္ဘာမှ ကိုးဆယ့်တစ်ကမ္ဘာအထက်၌ ပုဗ္ဗေအထူးကို ခံတော်မူထိုက်သော အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာသိသော ဝိပဿီမြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူ၏။ ရဟန်းတို့ ဤကမ္ဘာမှ သုံးဆယ့်တစ်ကမ္ဘာအထက်၌ သိခီမြတ်စွာဘုရားသည် ပွင့်တော်မူ၏။ ထိုသုံးဆယ့်တစ်ကမ္ဘာအထက်၌ပင်လျှင် ဝေဿဘူ မြတ်စွာဘုရားသည် လောက၌ ပွင့်တော်မူ၏။ ရဟန်းတို့ ဤဘဒ္ဒကမ္ဘာ၌ပင်လျှင် ကကုသန်မြတ်စွာဘုရားသည်၎င်း၊ ကောဏာဂုံမြတ်စွာဘုရားသည်၎င်း၊ ကဿပမြတ်စွာဘုရားသည်၎င်း ပွင့်တော်မူ၏။ ရဟန်းတို့ ဤဘဒ္ဒကမ္ဘာ၌ပင်လျှင် ပုဗ္ဗေ အထူးကို ခံယူတော်မူထိုက်သော၊ အလုံးစုံသောတရားကို သိတော်မူသောငါဘုရားသည် လောက၌ ပွင့်တော်မူ၏။

ရဟန်းတို့ ဝိပဿီမြတ်စွာဘုရားသည် အမျိုးအားဖြင့် မင်းမျိုးတည်း။ ရဟန်းတို့ ပုဗ္ဗေအထူးကို ခံယူတော်မူ ထိုက်သော၊ အလုံးစုံသောတရားကို ကိုယ်တိုင်မှန်စွာသိသော သိခီမြတ်စွာဘုရားသည် အမျိုးအားဖြင့် မင်းမျိုးတည်း။ ဝေဿဘူမြတ်စွာဘုရားသည် အမျိုးအားဖြင့် မင်းမျိုးတည်း။ ရဟန်းတို့ ပုဗ္ဗေအထူးကို ခံယူတော်မူထိုက်သော ကကုသန်မြတ်စွာဘုရားသည် အမျိုးအားဖြင့် ပုဏ္ဏားမျိုးတည်း။ ကောဏာဂုံမြတ်စွာဘုရားသည် အမျိုးအားဖြင့် ပုဏ္ဏားမျိုး တည်း။ ရဟန်းတို့ ပုဗ္ဗေအထူးကို ခံယူတော်မူထိုက်သော ကဿပမြတ်စွာဘုရားသည် အမျိုးအားဖြင့် ပုဏ္ဏားမျိုးတည်း။ ငါဘုရား (ဂေါတမ)သည် မင်းမျိုးတည်း ဟု မိန့်တော်မူ၏။ ဘုရားရှင်မြတ်များ၏ နွယ်တော်များကိုလည်း အောက်ပါအတိုင်း မိန့်တော်မူပြန်၏။

ဝိပဿီမြတ်စွာဘုရားသည် အနွယ်အားဖြင့် ကောဏ္ဍညအနွယ်၊ သိခီမြတ်စွာဘုရားသည် အနွယ်အားဖြင့် ကောဏ္ဍညအနွယ်၊ ဝေဿဘူမြတ်စွာဘုရားသည် အနွယ်အားဖြင့် ကောဏ္ဍညအနွယ်၊ ကကုသန်မြတ်စွာဘုရားသည် အနွယ်အားဖြင့် ကဿပအနွယ်၊ ကဿပမြတ်စွာဘုရားသည် အနွယ်အားဖြင့် ကဿပအနွယ်၊ ငါဘုရားသည် အနွယ်အား ဖြင့် ဂေါတမအနွယ်ဟူ၍ မိန့်တော်မူ၏။ ဘုရားရှင်တို့ ပွင့်ခဲ့သော ကမ္ဘာရှိ ဘုရားရှင်တို့၏ သက်တမ်းကိုလည်း အောက်ပါ အတိုင်း ဟောကြားတော်မူခဲ့ပါသည်။

ရဟန်းတို့ ပုဗ္ဗေအထူးကို ခံယူတော်မူထိုက်သော၊ အလုံးစုံသောတရားတို့ကို ကိုယ်တိုင်သိတော်မူသော ဝိပဿီမြတ်စွာဘုရား၏ အသက်အတိုင်းအရှည်သည် အနှစ်ရှစ်သောင်း၊ သိခီမြတ်စွာဘုရား၏ အသက်အတိုင်းအရှည်သည် အနှစ်ခုနှစ်သောင်း၊ ဝေဿဘူမြတ်စွာဘုရား၏ အသက်အတိုင်းအရှည်သည် အနှစ်ခြောက်သောင်း၊ ကကုသန်မြတ်စွာ ဘုရား၏ အသက်အတိုင်းအရှည်သည် အနှစ်လေးသောင်း၊ ကောဏာဂုံမြတ်စွာဘုရား၏ အသက်အတိုင်းအရှည်သည် အနှစ် သုံးသောင်း၊ ကဿပမြတ်စွာဘုရား၏ အသက်အတိုင်းအရှည်သည် အနှစ်နှစ်သောင်း၊ ရဟန်းတို့ ငါဘုရား၏ အသက် အတိုင်းအရှည်သည် နည်းပါး တိုတောင်းလှ၏။ အသက်အရှည်ဆုံးသောသူသည် အနှစ်တစ်ရာသော်၎င်း၊ အနှစ်တစ်ရာ ထက် အနည်းငယ်ပိုလွန်၍၎င်း အသက်ရှင်နေရ၏။ ဘုရားအဖြစ်ရောက်ရှိရန် အမှီပြုခဲ့သော သစ်ပင်များကိုလည်း ဟော ကြားခဲ့ပါသည်။

ရဟန်းတို့ ပုဗ္ဗေအထူးကို ခံထိုက်တော်မူသော ဝိပဿီမြတ်စွာဘုရားသည် သခွတ်ပင်ရင်း၌ သစ္စာလေးပါး ကိုသိ၏။ သိခီမြတ်စွာဘုရားသည် သရက်ဖြူပင်ရင်း၌ သစ္စာလေးပါးကို သိ၏။ ဝေဿဘူမြတ်စွာဘုရားသည် အင်ကြင်းပင် ရင်း၌ သစ္စာလေးပါးကို သိ၏။ ကကုသန်မြတ်စွာဘုရားသည် ကုက္ကိုပင်ရင်း၌ သစ္စာလေးပါးကို သိ၏။ ကောဏာဂုံမြတ်စွာ ဘုရားသည် ရေသဖန်းပင်ရင်း၌ သစ္စာလေးပါးကို သိ၏။ ကဿပမြတ်စွာဘုရားသည် ပညောင်ပင်ရင်း၌ သစ္စာလေးပါးကို သိ၏။ ငါဘုရားသည် ညောင်ဗုဒ္ဓဟေပင်ရင်း၌ သစ္စာလေးပါးကို သိတော်မူ၏။

ဘုရားရှင်တို့၏ သာဝကများနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဟောကြားတော်မူခဲ့ပါသည်။

ရဟန်းတို့––––ဝိပဿီမြတ်စွာဘုရား၏ မြတ်သော တပည့်သာဝကအစုံသည် ခဏ္ဍ နှင့် တိဿ။ သိခီမြတ်စွာ ဘုရား၏ မြတ်သော တပည့်သာဝကအစုံသည် အဘိဘူနှင့်သမ္ဘဝ။ ဝေဿဘူမြတ်စွာဘုရား၏ မြတ်သော တပည့်သာဝက အစုံသည် သောဏနှင့် ဥတ္တရ။ ကကုသန်မြတ်စွာဘုရား၏ မြတ်သော တပည့်သာဝကအစုံသည် ဝိဓုရနှင့် သဉ္ဇိဝ။ ကောဏာဂုံမြတ်စွာဘုရား၏ မြတ်သော တပည့်သာဝကအစုံသည် ဘိယျောသနှင့် ဥတ္တရ။ ကဿပမြတ်စွာဘုရား၏ မြတ်သော တပည့်သာဝကအစုံသည် တိဿနှင့် ဘာရဒွါဇ။ ငါဘုရား၏ မြတ်သော တပည့်သာဝကအစုံသည် သာရိပုတ္တရာ နှင့် မောဂ္ဂလာန်တို့မည်၏။

တဖန် ဆက်လက်၍ သာဝကအစည်းအဝေးနှင့် ပတ်သက်၍ ရဟန်းတို့...ဝိပဿီမြတ်စွာဘုရား၏ သာဝက အစည်းအဝေးသည် သုံးကြိမ်ဖြစ်၍၊ တစ်ကြိမ်၌ ရဟန်းတစ်သိန်းခြောက်သောင်းရှစ်ထောင်၊ တစ်ကြိမ်၌ ရဟန်းတစ်သိန်း၊ တစ်ကြိမ်၌ ရဟန်းရှစ်သောင်း ရှိ၏။ အားလုံးသော ရဟန်းတို့သည် ရဟန္တာချည်း ဖြစ်ကုန်၏။ သိခီမြတ်စွာဘုရားရှင် လက်ထက်၌ သာဝကအစည်းအဝေး သုံးကြိမ်ဖြစ်၏။ တစ်ကြိမ်၌ ရဟန္တာတစ်သိန်း၊ တစ်ကြိမ်၌ ရဟန္တာရှစ်သောင်း၊ တစ်ကြိမ်၌ ရဟန္တာခုနစ်သောင်းရှိ၏။ ဝေဿဘူမြတ်စွာဘုရားရှင် လက်ထက်၌ သာဝကအစည်းအဝေး သုံးကြိမ်ဖြစ်၏။ တစ်ကြိမ်၌ ရဟန္တာရှစ်သောင်း၊ တစ်ကြိမ်၌ ရဟန္တာခုနစ်သောင်း၊ တစ်ကြိမ်၌ ရဟန္တာခြောက်သောင်းရှိ၏။ ကကုသာန် ဘုရားရှင် လက်ထက်၌ သာဝကအစည်းအဝေး တစ်ကြိမ်တည်းသာဖြစ်၏။ ရဟန္တာသုံးသောင်းရှိ၏။ ကဿပဘုရားရှင် လက်ထက်၌ သာဝကအစည်းအဝေး တစ်ကြိမ်သာဖြစ်သည်။ ရဟန္တာနှစ်သောင်းရှိ၏။ ငါဘုရား၏ လက်ထက်၌ သာဝက အစည်းအဝေး တစ်ကြိမ်သာဖြစ်၏။ ရဟန္တာတစ်ထောင့်နှစ်ရာငါးဆယ်ရှိ၏ ဟု မိန့်တော်မူ၏။

တဖန် ဆက်လက်၍...ရဟန်းတို့..ဝိပဿီဘုရားရှင် လက်ထက်၌ အမြတ်ဆုံး အလုပ်အကျွေးပြုသော ရဟန်း၏အမည်သည် အာသောကမည်၏။ သိခီမြတ်စွာဘုရား၏ အလုပ်အကျွေးရဟန်းသည် ခေမင်္ကရမည်၏။ ဝေဿဘူမြတ်စွာ ဘုရား၏ အလုပ်အကျွေးရဟန်းသည် ဥပသန္တမည်၏။ ကကုသာန်မြတ်စွာဘုရား၏ အလုပ်အကျွေးရဟန်းသည် ဗုဒ္ဓိဇမည်၏။ ကောဏာဂုံမြတ်စွာဘုရား၏ အလုပ်အကျွေးရဟန်းသည် သောတ္ထိဇမည်၏။ ကဿပမြတ်စွာဘုရား၏ အလုပ်အကျွေး ရဟန်းသည် သဗ္ဗမိတ္တမည်၏။ ငါဘုရား၏ အလုပ်အကျွေး အာနန္ဒာမည်သောရဟန်းသည် အမြတ်ဆုံး အလုပ်အကျွေးဖြစ်၏ ဟု မိန့်တော်မူ၏။

တဖန် ရဟန်းတို့...ပူဇော်အထူးကို ခံတော်မူထိုက်သော၊ အလုံးစုံသောတရားတို့ကို ကိုယ်တိုင် မှန်စွာ သိတော်မူသော ဝိပဿီမြတ်စွာဘုရား၏ ခမည်းတော်သည် ဗန္ဓုမာမည်သောမင်းပေတည်း။ မင်းနေပြည်တော်သည် ဗန္ဓုမတီမည်၏။ မယ်တော်သည် ဗန္ဓုမတီမိဖုရားပေတည်း။ သိခီမြတ်စွာဘုရား၏ ခမည်းတော်မှာ အရုဏမင်း၊ မယ်တော် ပဘာဝတီမည်၏။ မင်းနေပြည်တော်သည် အရုဏဝတီမည်၏။ ဝေဿဘူမြတ်စွာဘုရား၏ ခမည်းတော် သုပ္ပတိတ၊ မယ်တော် ဝဿဝတီ၊ နေပြည်တော်သည် အနောမမည်၏။ ကကုသာန်မြတ်စွာဘုရား၏ ခမည်းတော် အဂ္ဂိဒတ္တပုဏ္ဏား၊ မယ်တော် ဝိသာခါပုဏ္ဏေးမ၊ နေပြည်တော်သည် ခေမဝတီမည်၏။ ကောဏာဂုံမြတ်စွာဘုရား၏ ခမည်းတော် ယညဒတ္တပုဏ္ဏား၊ မယ်တော် ဥတ္တရာပုဏ္ဏေးမ၊ နေပြည်တော် သောဘဝတီ။ ကဿပမြတ်စွာဘုရား၏ ခမည်းတော် ဗြဟ္မဒတ္တပုဏ္ဏား၊ မယ်တော် ဓနဝတီပုဏ္ဏေးမ၊ နေပြည်တော် ဗာရာဏသီ။ ငါဘုရား၏ ခမည်းတော်သည် သုဒ္ဓေါဓနမင်း၊ မယ်တော် မာယာဒေဝီ၊ နေပြည်တော် ကပိလဝတ္ထုမည်၏။

မြတ်စွာဘုရားသည် အထက်ပါတရား ဟောပြီးလျှင် နေရာမှ ထ,၍ ကျောင်းတော်သို့ ဝင်တော်မူ၏။ ထိုအခါ ရဟန်းတို့အကြား ဤသို့ အထင်ရောက်ကုန်၍ ဆွေးနွေးကြကုန်၏။ ‘‘မြတ်စွာဘုရား၌ ဤကဲ့သို့ အောင့်မေ့နိုင်ခြင်းသည် အောင့်မေ့နိုင်ကြောင်းဖြစ်သော ဓမ္မဇာတ်ကို မြတ်စွာဘုရား ကိုယ်တိုင်ပင် ကောင်းစွာထိုးထွင်း၍ သိထားခြင်းကြောင့်လော၊ သို့မဟုတ် နတ်(ဗြဟ္မာ)တို့က မြတ်စွာဘုရားအား လျှောက်ထားကြသောကြောင့်လေလော’’ဟူ၍ ဖြစ်၏။ ထိုအခါ မြတ်စွာ ဘုရားသည် ညနေချမ်းအချိန် ကိန်းအောင်းရာမှ ထ,တော်မူ၍ ရေခံတက်ပင် တန်ဆောင်းဝန်းဆီသို့ ချဉ်းကပ်တော်မူပြီး ခင်းထားသော နေရာ၌ ထိုင်တော်မူပြီးလျှင်...ရဟန်းတို့ ရှေးဘဝများစွာက အကြောင်းကို ကိုယ်တိုင်လည်းအောင့်မေ့နိုင်ပြီး၊ နတ်(ဗြဟ္မာ)များကလည်း ပြောပြကြသည်ကို မိန့်တော်မူပြီး ထို့ထက် ကျယ်ပြန့်စွာ ထပ်မံသိလိုပါသလား ဟု ရဟန်းတို့ အားမေးရာ ရဟန်းအများက ဤအချိန်သည် ထို့ထက် ကျယ်ပြန့်စွာ တရားဟောရန် အချိန်ကောင်း ဖြစ်ပါသည်ဟု လျှောက်ထားကြပြန်သဖြင့် ရဟန်းတို့...‘‘ဝိပဿီမြတ်စွာဘုရားလောင်းသည် တုသိတာနတ်ပြည်မှာ စုတေ၍ သတိရှိလျက် ဆင်ခြင်လျက် မယ်တော်ဝမ်းသို့သက်၏။ ဤကား ဤအရာ၌ ဓမ္မတာတည်း။ (၁)

ရဟန်းတို့ ဘုရားလောင်းသည် တုသိတာနတ်ပြည်မှ စုတေ၍ မယ်တော်ဝမ်းသို့ သက်သောအခါ နတ်၊ မာရ်နတ် ဗြဟ္မာတို့နှင့်တကွသော နတ်လောကနှင့် သမဏ, ဗြဟ္မဏ,မင်းများ, လူများနှင့်တကွသော လူ့လောက၌ မနှိုင်း ရှည့်နိုင်သော ကြီးကျယ်သောအလင်းရောင်သည် နတ်တို့၏ အာနုဘော် (အလင်းရောင်)ကို ကျော်လွှန်၍ ထင်ရှားဖြစ်ပေါ် လာ၏။ ဟင်းလင်းဖြစ်ကုန်သော၊ ဆောက်တည်ရာ မရှိကုန်သော၊ မိုက်ကုန်သော၊ မှောင်မဲကုန်သော လောကန္တရိတ်(ငရဲ)တို့ သည် ရှိကုန်၏။ ယင်းငရဲတို့၌ တန်ခိုးအာနုဘော် ကြီးကုန်သော လ,နေတို့သော်မှလည်း ထွန်းလင်းခြင်းငှာ မစွမ်းနိုင်။ ထို ငရဲတို့၌လည်း မနှိုင်းရှည်နိုင်သော ကြီးကျယ်သော အလင်းရောင်သည် နတ်တို့၏အာနုဘော် (အလင်းရောင်)ကို ကျော်လွှန် ၍ ထင်ရှားဖြစ်ပေါ်၏။ ထိုငရဲ၌ဖြစ်ကြသော သတ္တဝါတို့သည်လည်း ‘‘အချင်းတို့ ဤငရဲ၌ ကျရောက်နေသော အခြား သတ္တဝါတို့သည်လည်း ရှိကြပါသေးတကား’’ဟု ထိုအလင်းရောင်ဖြင့် အချင်းချင်း မြင်သိကြကုန်၏။ တစ်သောင်းသော ဤလောကဓာတ်သည်လည်း တုန်လှုပ်၏။ ပြင်းစွာတုန်လှုပ်၏။ သွက်သွက်ခါ တုန်လှုပ်၏။ မနှိုင်ရှည်နိုင်သော ကြီးကျယ် –

သော အလင်းရောင်သည်လည်း နတ်တို့၏ အာနုဘော် အလင်းရောင်ကို ကျော်လွှန်၍ လောက၌ ထင်ရှားပေါ်လာ၏။ ဤကား ဤအရာ၌ ဓမ္မတာပေတည်း။ (၂)

ရဟန်းတို့ ဘုရားလောင်းသည် မယ်တော်ဝမ်းသို့ သက်ရောက်သောအခါ ဘုရားလောင်းနှင့် မယ်တော်ကို လူဖြစ်စေ၊ နတ်ဘီလူးဖြစ်စေ တစ်စုံတစ်ယောက်မျှ မညှင်းဆဲနိုင်စေခြင်းငှာ နတ်သားလေးယောက်သည် အရပ်လေးမျက်နှာ၌ စောင့်ရန် ကပ်ရောက်ကုန်၏။ ဤကား ဤအရာ၌ ဓမ္မတာတည်း။ (၃)

ရဟန်းတို့ ဘုရားလောင်း မယ်တော်ဝမ်းသို့ သက်ပြီးသောအခါ ဘုရားမယ်တော်သည် ပကတိအတိုင်းပင် သီလနှင့် ပြည့်စုံ၏။ အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏။ မပေးသောဥစ္စာကို ယူခြင်းမှ ရှောင်ကြဉ်၏။ ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်၏။ မဟုတ်မမှန်သောစကားကို ပြောခြင်းမှ ရှောင်ကြဉ်၏။ မူးယစ်မေ့လျော့စေသော သေရည်သေရက်မှ ရှောင်ကြဉ်၏။ ဤကား ဤအရာ၌ ဓမ္မတာတည်း။ (၄)

ရဟန်းတို့ ဘုရားလောင်းသည် မယ်တော်ဝမ်းသို့ သက်ပြီးသောအခါ ဘုရားလောင်းမယ်တော်အား ယောကျ်ားတို့၏ ကာမဂုဏ်နှင့် စပ်လျဉ်းသောစိတ်သည် မဖြစ် ဘုရားလောင်းမယ်တော်ကို တပ်မက်သော စိတ်ရှိသည်ဖြစ်၍ တစ်စုံတစ်ယောက်သော ယောကျ်ားမျှ မလွန်ကျူးနိုင် ဤကား ဤအရာ၌ ဓမ္မတာတည်း။ (၅)

ရဟန်းတို့ ဘုရားလောင်းသည် မယ်တော်ဝမ်းသို့ သက်ပြီးသောအခါ ဘုရားလောင်းမယ်တော်သည် ကာမဂုဏ်ငါးပါးတို့ဖြင့် ကိုလို ပြည့်စုံသည်ဖြစ်၍ ခံစားရ၏။ ဤကား ဤအရာ၌ ဓမ္မတာတည်း။ (၆)

ရဟန်းတို့ ဘုရားလောင်းမယ်တော်သည် တစ်စုံတစ်ခုသော အနာရောဂါသည်မဖြစ် ချမ်းသာစွာရှိ၏။ မပင်ပန်းသောကိုယ်ရှိ၏။ ဘုရားလောင်းမယ်တော်သည် အင်္ဂါကြီးငယ် အလုံးစုံရှိသော ဣန္ဒြေမချို့တဲ့သော ဝမ်းထည်း၌ တည်နေသော ဘုရားလောင်းကိုလည်း မြင်ရ၏။ ဤကား ဤအရာ၌ ဓမ္မတာတည်း။ (၇)

ရဟန်းတို့ ဘုရားလောင်း ဖွားမြင်၍ ခုနစ်ရက်မြောက်သော် ဘုရားလောင်းမယ်တော်သည် ကွယ်လွန်၍ တုသိတာနတ်ပြည်သို့ ရောက်ရ၏။ ဤကား ဤအရာ၌ ဓမ္မတာတည်း။ (၈)

ရဟန်းတို့ တစ်ပါးသောမိန်းမတို့သည် ကိုးလဖြစ်စေ၊ ဆယ်လဖြစ်စေ ကိုယ်ဝန်ဆောင်ပြီးလျှင် ဖွားမြင်ရ၏။ ဘုရားလောင်းမယ်တော်သည် ဘုရားလောင်းကို ဆယ်လပတ်လုံး ကိုယ်ဝန်ဆောင်ပြီးမှ ဖွားမြင်ရ၏၊ ဤကား ဤအရာ၌ ဓမ္မတာတည်း (၉)

ရဟန်းတို့ တစ်ပါးသောမိန်းမတို့သည် ထိုင်လျက်ဖြစ်စေ၊ လျောင်းလျက်ဖြစ်စေ ဖွားမြင်ရသကဲ့သို့ ဘုရားလောင်းမယ်တော်သည် ဖွားမြင်ရသည်မဟုတ်၊ ဘုရားလောင်းမယ်တော်သည် ဘုရားလောင်းကို ရပ်လျက်သာဖွားဖြင်ရ၏။ ဤကား ဤအရာ၌ ဓမ္မတာတည်း။ (၁၀)

ရဟန်းတို့ ဘုရားလောင်းသည် မယ်တော်ဝမ်းမှာ ထွက်မြောက်သောအခါ နတ်တို့သည် ရှေးဦးစွာခံယူ၏။ လူတို့သည် နောက်မှ ခံယူကုန်၏။ ဤကား ဤအရာ၌ ဓမ္မတာတည်း။ (၁၁)

ရဟန်းတို့ ဘုရားလောင်းသည် မယ်တော်ဝမ်းမှ ထွက်မြောက်လာသောအခါ မြေသို့မရောက်မီ ထိုဘုရားလောင်းကို နတ်သားလေးဦးတို့သည် ခံယူပြီးလျှင် ''အရှင်မိဖုရား ဝမ်းမြောက်တော်မူပါလော့၊ အရှင်မိဖုရားအား ဘုန်းတန်ခိုးကြီးသော သားတော်ထွန်းကားလာပါသည်''ဟုဆို၍ မယ်တော်ရှေ့၌ ထားကုန်၏။ ဤကား ဤအရာ၌ ဓမ္မတာတည်း။ (၁၂)

ရဟန်းတို့ ဘုရားလောင်းသည် မယ်တော်ဝမ်းမှ ထွက်လာသောအခါ သန့်ရှင်းစွာသာလျှင် ထွက်မြောက်လာ၏။ အရည်ဖြင့် မငြိကပ်၊ သလိပ်ဖြင့် မငြိကပ်၊ သွေးဖြင့် မငြိကပ်၊ အညစ်အကြေး တစုံတရာ မငြိကပ် စင်ကြယ်၏၊ သန့်ရှင်း၏။ ဤကား ဤအရာ၌ ဓမ္မတာတည်း။ (၁၃)

ရဟန်းတို့ ဘုရားလောင်းသည် မယ်တော်ဝမ်းမှ ထွက်မြောက်လာသောအခါ အအေးတစ်ခု၊ အနွေးတစ်ခု အားဖြင့် ရေအလျဉ်နှစ်ခုတို့သည် ကောင်းကင်မှ ထင်ရှားဖြစ်ပေါ်လာကုန်၏။ ယင်းရေအလျဉ်ဖြင့် ဘုရားလောင်းအားရင်း၊ မယ်တော်အားရင်း ရေသန့်စင်ခြင်းကိစ္စကို ပြုကုန်၏။ ဤကား ဤအရာ၌ ဓမ္မတာတည်း။ (၁၄)

ရဟန်းတို့ ဖွားမြင်စ,ဖြစ်သော ဘုရားလောင်းသည် ညီညာသော ခြေတော်တို့ဖြင့် ရပ်၍ မြောက်သို့မျက်နှာမူကာ ခုနစ်ဖဝါးလှမ်း ကြွတော်မူ၏။ ထိုစဉ်အခါ ထီးဖြူတော်မိုးကာ လိုက်ပါလျက်ရှိ၏။ ထိုဘုရားလောင်းသည် အရပ်လေးမျက်နှာ အားလုံးသို့လည်း လှည့်လည်ကြည့်ရှုတော်မူ၏။ ''ငါသည် လောက၌ အမြင့်ဆုံးဖြစ်သည်။ လောက၌ အကြီးဆုံးဖြစ်သည်။ ငါသည် လောက၌ အမြတ်ဆုံးဖြစ်၏။ ဤဘဝသည် နောက်ဆုံးတည်း။ တစ်ဖန်ဖြစ်မည့်ဘဝ ယခုမရှိတော့ပြီ''ဟု ခံညားသော စကားကို မြွက်ဆို၏။ ဤကား ဤအရာ၌ ဓမ္မတာတည်း။ (၁၅)

ရဟန်းတို့ ဘုရားလောင်းသည် မယ်တော်ဝမ်းမှ ထွက်မြောက်လာသောအခါ နတ်၊ မာရ်နတ်၊ ဗြဟ္မာတို့နှင့်တကွ နတ်လောကနှင့် သမဏ,ဗြဟ္မဏမင်းများ၊ လူများနှင့်တကွ ဤလူ့လောက၌ မနှိုင်းရှည်နိုင်သော ကြီးကျယ်သော–

အလင်းရောင်သည် နတ်တို့၏ အာနုဘော်ကို ကျော်လွန်၍ ထင်ရှားဖြစ်၏။ ဟင်းလင်းဖြစ်သော် လွန်စွာ နက်မှောင်မိုက်မဲသော လောကန္တရိတ်ငရဲတို့သည် နေရောင်လ,ရောင်ဖြင့်ပင် မထွန်းလင်းနိုင်သော်လည်း ဘုရားလောင်းမွေးဖွားစဉ် ဖြစ်ပေါ်သော အလင်းဖြင့် ထွန်းလင်းတော်မူ၏။ ထိုအခါ ငရဲ၌ဖြစ်သော သတ္တဝါတို့သည်လည်း "အချင်းတို့ ဤငရဲ၌ ကျရောက်သော တခြားသော သတ္တဝါတို့သည်လည်း ရှိကြပါသေးတကား"ဟု ထိုအလင်းရောင်ဖြင့် အချင်းချင်း မြင်သိကြကုန်၏။ တစ်သောင်းသောလောကဓာတ်သည် တုန်လှုပ်၏။ ပြင်းစွာ တုန်လှုပ်၏။ သွက်သွက် တုန်လှုပ်၏။ မနှိုင်းရှည်နိုင်သော ကြီးကျယ်သော အလင်းရောင်သည် နတ်တို့၏ အာနုဘော် (အလင်းရောင်)ကို ကျော်လွန်၍ ထင်ရှားဖြစ်ပေါ်၏။ ဤကား ဤအရာ၌ ဓမ္မတာတည်း။ (၁၆)

ဤကား ရှေးဘဝပေါင်းများစွာကို ပြန်ပြောင်းအောင့်မေ့နိုင်သော ပုဗ္ဗေနိဝါသဉာဏ်ဖြင့် ဘဝပေါင်းများစွာက ဖြစ်ပျက်ခဲ့သောအကြောင်းများကို အောင့်မေ့၍ ဘုရားရှင်က ရဟန်းတို့အား ဟောကြားခဲ့ပုံ ဖြစ်ပါသည်။

## "ကျွန်တော်တို့ခေတ်က ဂန့်ဂေါ်တောဆိုတဲ့ တက္ကသိုလ် မြကျွန်းသာ"

*ယခင်လမှအဆက်*

ကျွန်တော်တို့ တက္ကသိုလ်ရောက်စ ၁၉၆၆–ခုနှစ်မှာဆိုရင် သိပ္ပံဘာသာရပ်များဖြစ်တဲ့ ရူပဗေဒ (Physics)ဌာနမှာ ပါမောက္ခအဖြစ် ဆရာကြီးဦးစံသာအောင်၊ ဓာတုဗေဒ(Chemistry)ဘာသာရပ်မှာ ဆရာကြီးဦးအောင်ခင်၊ သင်္ချာဌာန (Mathematics)မှာ ဒေါက်တာချစ်ဆွေ၊ သတ္တဗေဒ(Zoology)ဌာနမှာ ဒေါက်တာကိုကိုကြီး၊ ရုက္ခဗေဒ(Botany)ဌာနမှာ ဒေါက်တာကိုကိုလေး၊ ဘူမိဗေဒ(Geology)ဌာနမှာ ဦးဘသန်းဟက်တို့ဟာ ပါမောက္ခများဖြစ်ကြပါတယ်။

ဝိဇ္ဇာပညာရပ်ဘက်မှာတော့ မြန်မာစာဌာနမှာ ဦးမောင်မောင်ကြီး၊ အင်္ဂလိပ်စာဌာနမှာ ဒေါ်သိန်းညွှန့်၊ ပထဝီဝင် (Geography)ဘာသာမှာ ဒေါက်တာဒေါ်သင်းကြည်၊ ဒဿနိက(Philosophy)ဘာသာမှာ ဒေါက်တာခင်မောင်ဝင်း၊ စိတ်ပညာ (Psychology)မှာ ဒေါက်တာလှသွင်၊ သမိုင်း(History)ဌာနမှာ ဒေါက်တာကျော်သက်၊ ဥပဒေ(Law)ဌာနမှာ ဆရာကြီးဦးလှအောင်တို့က ပါမောက္ခတာဝန် ထမ်းဆောင်ကြပါတယ်။ ပါမောက္ခချုပ်(Rector)အဖြစ် ရူပဗေဒဌာန ပါမောက္ခဟောင်း ဒေါက်တာမောင်မောင်ခက တာဝန်ယူပြီး၊ မော်ကွန်းထိမ်း(Registrar)အဖြစ် ဒေါ်စိန်စိန်က တာဝန်ယူထားကြပါတယ်။

ဂန့်ဂေါ်တောလို့ နာမည်တွင်တဲ့ တက္ကသိုလ်ရဲ့ အမည်ကတော့ "ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်" Rangoon Arts and Science University (R.A.S.U)လို့ လူတကာ နှုတ်ဖျားမှာ ရေပန်းစားရုံတင် မကပါဘူး၊ အရှေ့တောင်

အာရှမှာ အလှအပဆုံး တက္ကသိုလ်အဖြစ် နိုင်ငံတကာက အသိအမှတ်ပြုထားပါတယ်။ တက္ကသိုလ်ရဲ့ စာပေသင်ကြားမှု အဆင့်အတန်းကလည်း အရှေ့တောင်အာရှမှာ ထိပ်တန်းမှာ ရှိပါတယ်။ စစ်ကြိုခေတ်များတုံးကဆိုရင် ရန်ကုန်တက္ကသိုလ်မှာ ကျောင်းသားအဖြစ် စာသင်ရတာကို ဂုဏ်ယူပြီး၊ ရန်ကုန် တက္ကသိုလ်မှာ စာလာသင်ကြားကြတဲ့ အာရှတိုက်မှ ကျောင်းသားများ ရှိကြတယ်လို့ ကြားမိဘူးပါတယ်။

အဓိပတိလမ်းတလျှောက်က ဝင်လာပြီဆိုရင် လက်ဝဲဘက်ခြမ်းမှာ မန္တလေးဆောင်၊ အမရဆောင်၊ ရာမညဆောင်၊ တောင်ငူဆောင်တို့ဟာ ဝိဇ္ဇာဘာသာရပ်များ သင်ကြားတဲ့ဌာနများရဲ့ တည်နေရာနဲ့ စာသင်ခန်းများ ဖြစ်ကြပါတယ်။ ရှေ့ဆက်လက်သွားခဲ့လျှင် ကျောင်းသားများ အပန်းဖြေခမ်းမ(R.C) Judson ဘုရားရှိခိုးကျောင်းနှင့် ဝိဇ္ဇာဘာသာရပ်ဆိုင်ရာ ပင်မစာသင်ဆောင်များ တွေ့ရပါမယ်။ တက္ကသိုလ် ပါမောက္ခများ နေအိမ်များ၊ ရွှေဘိုနှင့် ဒဂုံ ကျောင်းသားဘော်ဒါဆောင်များ ရှိကြပြီး၊ အမျိုးသမီးဘော်ဒါဆောင်များ ဖြစ်ကြတဲ့ သီရိဆောင်နှင့် မာလာဆောင်တို့ ရှိကြပါတယ်။ ဝိဇ္ဇာ Canteen သို့မဟုတ် မာလာCanteenလည်း ရှိပါတယ်။

အဓိပတိလမ်းအတိုင်း ဝင်လာလျှင် လက်ျာဘက်ခြမ်းမှာ (ဗိုလ်အောင်ကျော် ကျောက်တိုင် တွေ့ရပါမယ်။ အဖျက်ဆီးခံလိုက်ရတဲ့ တက္ကသိုလ်သမဂ္ဂ အဆောက်အဦး မြေနေရာနဲ့ တက္ကသိုလ် အလေးမ အဆောက်အဦးကို ပထမတွေ့ရပါမယ် ရှေ့ဆက်သွားလျှင်) ပါမောက္ခများနေအိမ် တဖန် ရှေ့ဆက်သွားလျှင် အမျိုးသားဘော်ဒါဆောင်များ ဖြစ်ကြတဲ့ သထုံဆောင်၊ ပဲခူးဆောင်၊ ပင်းယဆောင်၊ စစ်ကိုင်းဆောင်နဲ့ အင်းဝဆောင်များ တွေ့ရပါမယ်။ R.C ခမ်းမနှင့် မျက်နှာချင်းဆိုင်မှာ တက္ကသိုလ်စာကြည့်တိုက် ရှိပြီး၊ ထိုအချိန်က စာကြည့်တိုက်မှူးကတော့ မြန်မာ ခေတ်ဆန်း စာပေပညာရှင်၊ ကဗျာဆရာ၊ စာရေးဆရာဖြစ်တဲ့ ဆရာဇော်ဂျီ (ဦးသိန်းဟန်) ဖြစ်ပါတယ်။ စာကြည့်တိုက် နောက်ဘက် မြေကွက်လပ်မှာတော့ ဂန့်ဂေါ်ပင်ပုလေးများ အစီအရီ စိုက်ပျိုးထားပြီး အပင်အောက်မှာ ထိုင်စရာ ခုံတန်းလျားလေးများ ပြုလုပ်ထားပါတယ်။ (နောက်ပိုင်းမှာတော့ ဂန့်ဂေါ်ပင်ပုတောကို ဖျက်ပြီး တိုးချဲ့ စာကြည့်တိုက်အဖြစ် အဆောက်အဦး ဆောက်လိုက်ပါတယ်။) စာကြည့်တိုက်နောက်ဘက်မှာတော့ (Science CANTEEN ရှိပါတယ်။

ရှေ့လဆက်ရန်

တဖန် စာကြည့်တိုက်မှ ဆက်ပြီး အဓိပတိလမ်းတ လျှောက် ဆက်သွားခဲ့ရင်တော့ ရန်ကုန် တက္ကသိုလ်ရဲ့ ဖွားဘက်တော် သစ်ပုတ်ပင်ကြီးကို အထင်ကရ တွေ့ရပါမယ်။ သိပ္ပံ စာသင်ခန်းများနှင့် တက္ကသိုလ် လက်ထောက်မော်ကွန်းထိမ်း ဦးစံသိမ်းရဲ့ ရုံးခန်း၊ ငွေစာရင်းဌာနတို့ ရှိကြပါတယ်။

အဓိပတိလမ်းဆုံးလျှင်တော့ တက္ကသိုလ် ဘွဲ့နှင်းသဘင်ခမ်းမ အဆောက်အဦးကြီးကိုရောက်ပြီး သူ့ရဲ့လက်ဝဲ ဘက်မှာတော့ စီးပွားရေးတက္ကသိုလ် ရှိပါတယ်။ အဓိပတိလမ်းတလျှောက် စတင်ဝင်လာရင်ပဲ လက်ဝဲ,လက်ျာ တဘက် တချက်ဆီမှာ ဂန့်ဂေါ်ပင်များဟာ အစီအရီ စိုက်ပျိုးထားပြီး ရာသီချိန်ရောက်ပြီဆိုလျှင် ဂန့်ဂေါ်ပန်းများ ဖူးပွင့် ဝေဆာနေကြပြီး ဂန့်ဂေါ်ပန်းရနံ့များ သင်းပျံ့ ကြိုင်လှိုင်လို့နေပါတယ်။ စာကြည့်တိုက် မရောက်ခင်မှာ အင်းယားလမ်း ဘက်ကို ချိုးသွားတဲ့ လမ်းတလျှောက်မှာလည်း ဂန့်ဂေါ်ပင်များ လမ်းတလျှောက် အစီအရီတန်း စိုက်ပျိုးထားပါတယ်။ စာကြည့်တိုက် နောက် ဘက်နှင့် နဘေးရှိ မြေကွက်လပ်မှာလည်း ဂန့်ဂေါ်ပင်ပုများ စိုက်ထားပုံက ဂန့်ဂေါ်တောလေး သဘွယ် ဖြစ်လို့နေပြီး အပင် အောက်က ခုံတန်းလျားလေးတွေပေါ်မှာ ထိုင်နေကြတဲ့ ကျောင်းသား၊ ကျောင်းသူ အတွဲလေး များကိုလည်း အစဉ်မြင်တွေ့နေရပါတယ်။ ဒါကိုပင် ရည်စူး၍ ‘‘ဂန့်ဂေါ်တော’’လို့ နာမည်တပ်ပြီး စာပေမှာ အထင်ကရ ရေးဖွဲ့ကြပါတယ်။

အင်းယားလမ်းတလျှောက် အမျိုးသမီးဘော်ဒါဆောင်များ ဖြစ်ကြတဲ့ အင်းယားဆောင်နဲ့ ရတနာဆောင်များ ရှေ့မှာလည်း ဂန့်ဂေါ်ပင်များ စီရယီတန်း စိုက်ပျိုးထားတာ တွေ့ရပါမယ်။ ပြည်လမ်းမှဝင်လျှင် ဂျက်(ဒ်)ဆင် (Judson Hall) ရှေ့လမ်းတဘက်တချက် သိရီဆောင်နှင့် တက္ကသိုလ်ဆရာများ နေအိမ်ရှေ့မှာတော့ ကုလားတမာလို့ခေါ်တဲ့ ရေတမာပင် တန်း ရှိပါတယ်။ သို့ပါသော်လည်း ရေတမာအမည်ဟာ ဂန့်ဂေါ်တောအမည်ကို ကျော်လွှန်ထိုးဖောက်ပြီး မကျော်ကြားခဲ့ပေ မယ့် ရေတမာပင်တန်းလေးမှာ အချစ်ဇာတ်လမ်းလေးတွေ ဖန်တီးခဲ့ပုံအကြောင်းတော့ စာပေမှာ တွေ့ရပါတယ်။ ဘွဲ့နှင်း သဘင်ခမ်းမဟာ တက္ကသိုလ် ပရိဝုဏ်ရဲ့ နယ်နိမိတ်ပါပဲ။ သူ့နောက်ဘက်မှာတော့ နာမည်ကြီးလှတဲ့ ကျယ်ပြောလှတဲ့ အင်းယားကန်လေ။ အင်းယားကန်ရဲ့အလှနဲ့ တက္ကသိုလ်ရဲ့ အလှသတင်းကတော့ အများသိကြပြီးဖြစ်လို့ ပြောပြစရာ မလိုတော့ပါဘူး။ အင်းယားကန်မှာတော့ အကြော်ဆိုင်လေးများ ရှိကြပါတယ်။ စာသင်ချိန် ပြီးတဲ့အခါ အကြော်ဆိုင်လေး တွေမှာ ဝိုင်းဖွဲ့တတ်ကြပြီး အကြော်စား၊ ရေနွေးကြမ်းသောက်၊ ထွေရာလေးပါး ဝိုင်းဖွဲ့စကားပြောကြ၊ စာပေဆွေးနွေးကြ၊ လှေလေးတွေငှားပြီး အပျော် လှေစီးထွက်ကြသူတွေ ရှိကြပါတယ်။ အင်းယားကန်ဘောင် တလျှောက်မှာတော့ ယခုလို စားသောက်ဆိုင်တွေ မရှိပါဘူး။ ညနေစောင်း အပျင်းပြေ၊ အညောင်းပြေ လမ်းလျှောက်အနားယူကြတဲ့ အဆောင်နေ ကျောင်းသား၊ ကျောင်းသူတွေသာ များကြပါတယ်။ ကံထူးကြတဲ့ သူတွေများတော့ အဖေါ်လေးတွေနဲ့ ယှဉ်တွဲလမ်းလျှောက် ပြီး စကားဖောင်ဖွဲ့ကာ မြူးကြွနေကြသလို အဖေါ်ရှာထွက်ကြတဲ့ သူတွေလည်း တပုံတပင်ကြီးပါပဲ။ အကြော်ဆိုင်မှ ထိုင်ပြီး အဖော်စောင့်နေကြသူတွေ ရှိသလို အကြော်ပုဂံရှေ့ထားပြီး အဖော်ရှာဖို့ အကြံအဖန်တွေလည်း မရှားပါဘူး။ မိန်းခလေး တစ်သိုက် လာတာတွေ့လျှင် ဒကာခံ အကြော် အော်ဒါမှာပြီး အတင်းခေါ်ယူ မိတ်ဆွေဖွဲ့တတ်ကြသူ မောင်မောင် ကျောင်းသားတစ်စုလည်း ရှိကြပါတယ်။

အင်းယားကန်ထဲမှာတော့ တက္ကသိုလ် လှေလှော်အသင်းရဲ့ တည်နေရာ ရှိပါတယ်။ Row Till You Die ဆိုတဲ့ လှေလှော်အသင်းကို စတင်တည်ထောင်ခဲ့သူတစ်ဦးဖြစ်သော ကွယ်လွန်သူ ရေတပ်ဗိုလ်မှူးချုပ်ဟောင်း သန်းဖေ၏ ဆောင်ပုဒ်ကို ရေးထားတဲ့ ဆိုင်းဘုတ်ကို အထင်ကရ တွေ့ရပါမယ်။ တက္ကသိုလ် ပရိဝုဏ်အတွင်းမှာတော့ အရှည်ကို မျှော်တွေးတတ်ကြသူ ပုဂ္ဂိုလ်များရဲ့ အမြင်ကျယ်မှုကြောင့် ရှင်သန်ပေါက်ရောက်နေကြတဲ့ စိမ်းလန်းစိုပြေနေကြတဲ့ ပင်ကြီး ပင်ခိုင် သစ်ပင်ကြီးများ ပင်ပျိုပင်နု အရိပ်အာဝါသကောင်းလှတဲ့ ဂန့်ဂေါ်ပင် ရေတမာပင် စသည်တို့ကြောင့် မြသားအရောင် စိမ်းလန်း ဝေဖြာနေကြတဲ့ သစ်ရိပ် ဝါးရိပ်များကြောင့် ကျွန်တော်တို့ခေတ်မှာ ‘‘မြကျွန်းသာ’’လို့ အမည်တပ်ရအောင်အထိ ဖြစ်လာရပါတယ်။-----ရှေ့လဆက်ရန်